# လက်နက်ကိုင်တပ်ဖွဲ့များအတွက် တိုင်တန်းမှု စုံစမ်းစစ်ဆေးရေး Ombuds အဖွဲ့အစည်းများ (Ombuds Institutions for the Armed Forces)

လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေးအတွင်းရှိ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ

## ယခုစာစဉ်အတွဲများအကြောင်း

SSR နောက်ခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR) တို့တွင် ပါဝင်သည့် ခေါင်းစဉ်များနှင့် အယူအဆများကို ကျစ်လျစ်ပြည့်စုံသည့် မိတ်ဆက်ရှင်းလင်းမှုများ ပြုလုပ်ပေးပါသည်။ ယခုစာစဉ်အတွဲလိုက်သည် နိုင်ငံတကာအတွေ့အကြုံအတော်များများကို အခြေခံလျှက် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ မူဝါဒများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်မံလေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR နောက်ခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ် နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အားထုတ်နေကြသည့် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် အရင်းအမြစ်တစ်ခုပင် ဖြစ်ပေသည်။

## ဤ SSR နောက်ခံအကြောင်းအရာလက်စွဲ အကြောင်း

ဤ SSR နောက်ခံအကြောင်းအရာလက်စွဲက လက်နက်ကိုင်တပ်ဖွဲ့များအတွက် တိုင်တန်းမှု စုံစမ်းစစ်ဆေးရေး ombud အဖွဲ့အစည်းများသည် မည်သည့်အရာများဖြစ်သည်၊ ယင်းတို့သည် မည်သည့်အရာများကို ပြုလုပ်ကြသည်နှင့် လုံခြုံရေးကဏ္ဍအပေါ် ကောင်းမွန်သည့် အုပ်ချုပ်မှုပေးရေးအတွက် မည်သို့ပံ့ပိုးကူညီပေးနေသည်ကို ရှင်းပြပါသည်။ ဤအဖွဲ့အစည်းများသည် တိုင်ကြားချက်များကို လက်ခံစုံစမ်းစစ်ဆေးခြင်းဖြင့် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် စောင့်ကြည့်ထိန်းကျောင်းမှုကို ပြုလုပ်ပေးသောကြောင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုနှင့် စွမ်းရည်ပြဝမြန်ဆန်မှုတို့ကို မြှင့်တင်ပေးပါသည်။ ယင်းအဖွဲ့အစည်းများတို့သည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် အာမခံသော လုံခြုံရေးကဏ္ဍအပေါ် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၏ မရှိမဖြစ် အင်္ဂါရပ်တစ်ခုဖြစ်သည်။

## SSR နောက်ခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည် --


- လက်နက်ကိုင်တပ်ဖွဲ့များအတွက် ombuds အဖွဲ့အစည်းများဆိုသည်မှာ အဘယ်နည်း။ *စာမျက်နှာ ၂*
- Ombuds ဆိုင်ရာ အဖွဲ့အစည်း အင်စတီကျူးရှင်း အမျိုးအစားများမှာ အဘယ်နည်း။ *စာမျက်နှာ ၂*
- Ombuds ဆိုင်ရာ အဖွဲ့အစည်း အင်စတီကျူးရှင်းများသည် ကောင်းမွန်သော SSG ကို မည်သို့အကျိုးပြုသနည်း။ *စာမျက်နှာ ၄*
- တိုင်ကြားမှုများကို ombuds အဖွဲ့အစည်းများက မည်သို့ကိုင်တွယ်ဖြေရှင်းသနည်း။ *စာမျက်နှာ ၆*
- တိုင်ကြားချက်များပြုလုပ်ရန် အဘယ်ကြောင့် အားပေးသင့်သနည်း။ *စာမျက်နှာ ၆*
- ombuds အဖွဲ့အစည်းများက မည်သို့သော စုံစမ်းစစ်ဆေးမှုအမျိုးအစားများကို ပြုလုပ်နိုင်သနည်း။ *စာမျက်နှာ ၈*
- ombuds အဖွဲ့အစည်းများသည် တရားရေးကဏ္ဍ၏ အစိတ်အပိုင်း ဖြစ်ပါသလား။ *စာမျက်နှာ ၈*
- ombuds အဖွဲ့အစည်းများသည် ယင်းတို့၏ အကြံပြုချက်များကို မည်သို့ကြပ်မတ်လိုက်နာစေပါသနည်း။ *စာမျက်နှာ ၈*


DCAF Geneva Centre for Security Sector Governance

## လက်နက်ကိုင်တပ်ဖွဲ့များအတွက် တိုင်တန်းမှု စုံစမ်းစစ်ဆေးရေး ombuds အဖွဲ့အစည်းများဆိုသည်မှာ အဘယ်နည်း။

လက်နက်ကိုင်တပ်ဖွဲ့များအတွက် Ombuds အဖွဲ့အစည်းများ (နောင်တွင်၊ "ombuds အဖွဲ့အစည်းများ" ခုခေါ်ဆိုမည်) သည် တိုင်ကြားချက်များကို လက်ခံကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအပြင် လက်နက်ကိုင်တပ်ဖွဲ့အတွင်း မှားယွင်းစွာ စီမံအုပ်ချုပ်မှုနှင့် လက်နက်ကိုင်တပ်ဖွဲ့များ၏ မှားယွင်းစွာ စီမံအုပ်ချုပ်မှုကို တားဆီးရေးဆိုင်ရာ ကိစ္စရပ်များကို စုံစမ်းစစ်ဆေးသည့် အဖွဲ့အစည်း အင်စတီကျူးရှင်းများ ဖြစ်ပါသည်။ ombuds အဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးမှုများ၊ အစီရင်ခံစာများနှင့် အကြံပြုချက်များမှတစ်ဆင့် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ထိရောက်မှုတို့ကို ombuds အဖွဲ့အစည်းများက မြှင့်တင်ပေးပါသည်။ Ombuds အဖွဲ့အစည်းများသည် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ၎င်းတို့၏ အထူးလုပ်ငန်းတာဝန်များကို တရားမျှတစွာ၊ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုရှိသော နည်းလမ်း ဖြင့် ကျေပွန်အောင်ဆောင်ရွက်စေရန် ကူညီပေးသည့် စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့အစည်း အမျိုးအစားတစ်ခု ဖြစ်သည်။

အစိုးရအဖွဲ့အစည်းများအားလုံးနှင့် သက်ဆိုင်သည့် တိုင်ကြားစာများနှင့် အရေးကိစ္စများကို စောင့်ကြည့်ထိန်းကျောင်းပြီး ကိုင်တွယ်ဖြေရှင်းရန် လုပ်ပိုင်ခွင့်တာဝန်အပ်နှင်းခံထားရသည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများမှသည် လက်နက်ကိုင်တပ်ဖွဲ့များကိုသာ စောင့်ကြည့်ထိန်းကျောင်းရန် လုပ်ပိုင်ခွင့်တာဝန်အပ်နှင်းခံထားရသော လွတ်လပ်သောအဖွဲ့အစည်းများအထိ ကျယ်ပြန့်သည့် ombuds အဖွဲ့အစည်းပုံစံအမျိုးမျိုးရှိသည်။ ombuds အဖွဲ့အစည်းများတွင် လုပ်ပိုင်ခွင့်တာဝန်များနှင့် လုပ်ပိုင်ခွင့်အာဏာများ ကွဲပြားစွာရှိနေကြသော်လည်း **ထိုအဖွဲ့အစည်းတို့က ချိန်ရွယ်သည်မှာ မှားယွင်းစွာ စီမံအုပ်ချုပ်မှုအပြင် လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် လက်နက်ကိုင်အဖွဲ့အစည်းတို့က ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ စသည်တို့ကို ကြိုတင်ဟန့်တားရန်နှင့် တုံ့ပြန်ဖြေရှင်းရန် ဖြစ်ပါသည်။ တိုင်ကြားချက်များကို လက်ခံခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းအပြင် အကြောင်းအရာအလိုက် မေးခွန်းများနှင့် စနစ်အရဖြစ်ပွားနေသော ပြဿနာများကို အစီရင်ခံခြင်းအားဖြင့် ombuds အဖွဲ့အစည်း များသည် လုံခြုံရေးအား ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့် ထိန်းကျောင်းမှုတို့ကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။**

**Ombuds အင်စတီကျူးရှင်းတစ်ခု ထိရောက်စေရန်အတွက် ၎င်းအား စောင့်ကြည့်ထိန်းကျောင်းရေး လုပ်ပိုင်ခွင့်တာဝန်ပေးထားသော အဖွဲ့နှင့် ၎င်း၏ လုပ်ပိုင်ခွင့်တာဝန်ကို ပေးအပ်ထားသော အစိုးရ စသည့် နှစ်ရပ်စလုံးတို့နှင့် အမှီအခိုကင်းရမည်။** သီးခြားလွတ်လပ်မှုမရှိပါက အကျိုးစီးပွားပဋိပက္ခများနှင့် အင်စတီကျူးရှင်းအပေါ် ယုံကြည်စိတ်ချ မှုကင်းမဲ့မှုတို့သည် အဖွဲ့အစည်း၏လုပ်ငန်းအပေါ် ယုံကြည်ကိုးစားမှုကို ပျက်ပြားစေမည်ဖြစ်သည်။ ကွပ်ကဲမှု ကွင်းဆက်ပြင်ပတွင် အဖွဲ့အစည်းကို ထူထောင်ထားရုံဖြင့် သီးခြားလွတ်လပ်မည်ဟု အာမခံချက် မရရှိနိုင်ပါ။ **ombuds အဖွဲ့အစည်းကို လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လွတ်လပ်မှုကိုလည်း ပေးအပ်ထားရမည်ဖြစ်ရာ၊** ယင်းကိစ္စတွင် ပါဝင်သင့်သည်များမှာ အမှီအခိုကင်းသော ဘတ်ဂျက်နှင့် ဝန်ထမ်းများကို အဖွဲ့အစည်းကိုယ်တိုင် ဆုံးဖြတ်ခန့်အပ်ခြင်းများ ပြုလုပ်ရန်သော်လည်းကောင်းနှင့် တရားမဝင် မသင့်တော်သော ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ညွှန်ကြားချက်ပေးမှု စသည်တို့မရှိဘဲ လုပ်ငန်းလည်ပတ်ရန်သော်လည်းကောင်း (စုံစမ်းစစ်ဆေးမှုများကို လွတ်လပ်စွာ ပြုလုပ်နိုင်ခြင်းအပါအဝင်) စွမ်းပကားရှိခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ၊ ဥပဒေဆိုင်ရာ နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာတို့တွင် လွတ်လပ်မှုကို အာမခံပေးထားသည့်တိုင် အဖွဲ့အစည်း၏ ဝန်ထမ်းပုဂ္ဂိုလ်များသည် လွတ်လပ်မှု မရှိဟု ထင်မြင်ခံရပါက ယခင်ဆိုခဲ့သည့်အချက်အားလုံး သဲထဲရေသွန်ဖြစ်နိုင်သည့်အတွက် အဖွဲ့အစည်း၏ အကြီးအကဲနှင့် ဝန်ထမ်းများသည် နိုင်ငံရေးသြဇာလွှမ်းမိုးနိုင်မှုစက်ဝန်းပြင်ပတွင် ရှိနေရန် အထူးအရေးကြီးပါသည်။ အဆိုပါပုဂ္ဂိုလ်တို့သည် အကြီးတန်းလုံခြုံရေးအရာရှိများနှင့် ရင်းနှီးလွန်းသည် သို့မဟုတ် နီးကပ်လွန်းသည်ဟု ထင်မြင်ခံရခြင်းသော်လည်းကောင်း သို့တည်းမဟုတ် ၎င်းတို့ကိုယ်တိုင် လုံခြုံရေး တာဝန်ထမ်းရွက်ခဲ့ဖူးလျှင်သော်လည်းကောင်း ယုံကြည်မှုကို လျော့ပါးပျက်ပြားစေနိုင်သည်။ ထိုအကြောင်းကြောင့်၊ **ombuds အဖွဲ့အစည်းတစ်ခု၏ ထိရောက်မှုသည် အဖွဲ့အစည်း၏ ခေါင်းဆောင်နှင့် ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုနှင့် ဘက်မလိုက် သမာသမတ်ကျမှုတို့အပေါ် မူတည်ပါသည်။** Ombuds အင်စတီကျူးရှင်း၏ အဖွဲ့အစည်းဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုကို ရရှိရန်မှာ သိသာထင်ရှားသော စိန်ခေါ်မှုဖြစ်ပြီး ယင်းအခြေအနေကို အောင်မြင်ရရှိရန်နှင့် ရေရှည်တည်တံ့စေရန် ခက်ခဲသည်။

## Ombuds ဆိုင်ရာ အဖွဲ့အစည်း အင်စတီကျူးရှင်း အမျိုးအစားများမှာ အဘယ်နည်း။

အထွေထွေ ombuds အဖွဲ့အစည်းများနှင့် စစ်တပ်ရေးရာ အထူးပြု ombuds အဖွဲ့အစည်းများ ရှိပါသည်။

**အထွေထွေ ombuds အင်စတီကျူးရှင်း အဖွဲ့အစည်းများ**- နိုင်ငံအများအပြားတွင် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် စောင့်ကြည့်ထိန်းကျောင်းရေးလုပ်ငန်းကို အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း သို့မဟုတ် ombudsperson ကဲ့သို့သော ကျယ်ပြန့်သော အရပ်ဘက် စောင့်ကြည့်ထိန်းကျောင်းမှုယန္တရား၏ လုပ်ပိုင်ခွင့်တာဝန်အတွင်းတွင် ထည့်သွင်းထားသည်။ လူ့အဖွဲ့အစည်းဝင်အားလုံး၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် အစိုးရမဏ္ဍိုင်အားလုံးနှင့် သက်ဆိုင်သည့် တိုင်ကြားစာများနှင့် အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ဤယန္တရားများကို ပုံမှန်အားဖြင့် လုပ်ပိုင်ခွင့်တာဝန်အပ်နှင်းထားပါသည်။ ထိုသို့သော အဖွဲ့အစည်းများသည် နိုင်ငံရေးစနစ်အတွင်း အားကောင်းသည့် အနေအထားကို ကိုင်စွဲထားနိုင်သည်။

ကျယ်ပြန့်သော လုပ်ပိုင်ခွင့်တာဝန်ရှိသော အထွေထွေ ombuds အဖွဲ့အစည်းများတွင် အားသာချက်များစွာရှိသည်-

- ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အဖွဲ့အစည်း၏ အကြံပြုချက်များကို လျစ်လျူရှုရန် ခက်ခဲစေသည့် နိုင်ငံရေးအရ အရေးပါမှုကို ကျယ်ပြန့်သော လုပ်ပိုင်ခွင့်တာဝန်တစ်ခုထားရှိခြင်းက ဆောင်ကြဉ်းပေးလာနိုင်ပါသည်။
- ထိုအဖွဲ့အစည်းများ၏ ပေါ်လွင်ထင်ရှားသော အဆင့်အတန်းကြောင့် လူထု (လက်နက်ကိုင် တပ်ဖွဲ့ဝင်များ အပါအဝင်) သည် ထိုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို သိရှိနားလည် သဘောပေါက်ပြီး ပြဿနာများ သို့မဟုတ် အရေးကိစ္စများအတွက် လာရောက်တိုင်ကြားမှု ပြုလုပ်လာကြမည်ဖြစ်သည်။
- အရပ်သားများနှင့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် သာတူညီမျှစွာ ဆက်ဆံခံရနိုင်ခြေပိုများပြီး အကြံပြုချက်များတွင် ၎င်းတို့၏ အကျိုးစီးပွားများကို မျှမျှတတဖြစ်စေနိုင်မည်၊
- အဖွဲ့အစည်းတစ်ခုအတွင်း စောင့်ကြည့်ထိန်းကျောင်းရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို စုစည်းထားခြင်းက အထူးပြုရုံးအဖွဲ့အစည်းများစွာရှိခြင်းထက် ကုန်ကျစရိတ်သက်သာပါသည်။

အထွေထွေ ombuds အင်စတီကျူးရှင်းများ အားနည်းနိုင်သည်မှာ သတ်သတ်မှတ်မှတ်ဖြစ်သည့် စစ်ရေးအသိပညာ မရှိခြင်းနှင့် လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ၎င်းတို့အပေါ် ယုံကြည်စိတ်ချမှု ကင်းမဲ့ခြင်းတို့ဖြစ်သည်။ ကျယ်ပြန့်သော လုပ်ပိုင်ခွင့်တာဝန်သည် လက်နက်ကိုင် တပ်ဖွဲ့ဝင်များ ရင်ဆိုင်နေရသော သီးသန့် ပြဿနာများအပေါ် အလေးပေးအာရုံစိုက်မှုအား အာရုံလွဲစေနိုင်သည်။ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ အမှုအခင်းများအတွက် မြှုပ်နှံထားသည့် အရင်းအမြစ်များ မလုံလောက်ပါက တိုင်ကြားမှုများ ဖြေရှင်းရာတွင် သိသာထင်ရှားသော နှောင့်နှေးမှုများ ဖြစ်စေနိုင်သည်။ စစ်ဘက်ရေးရာများကို အထူးကိုင်တွယ်ဖြေရှင်းရန် လက်ထောက်တစ်ဦးထားရှိခြင်း ကဲ့သို့သော ombuds အင်စတီကျူးရှင်းရုံးအတွင်း အထူးပြုကဏ္ဍများအတွက် ပုဂ္ဂိုလ်များကိုထားရှိခြင်းဖြင့် ဤပြဿနာများကို ဖြေရှင်းနိုင်ပါသည်။

**စစ်ဘက်ရေးရာအထူးပြု ombuds အင်စတီကျူးရှင်းများ-** နိုင်ငံအများအပြားသည် လက်နက်ကိုင်တပ်ဖွဲ့များကိုသာ ကိုင်တွယ်ဆောင်ရွက်ခွင့်ရှိသည့် လွတ်လပ်သော ombuds အဖွဲ့အစည်းများထားရှိပေသော်လည်း၊ ထိုအဖွဲ့အစည်းသည် စစ်ဘက်ဆိုင်ရာ ကွပ်ကဲရေးကွင်းဆက်မှ ကင်းလွတ်သည့် အရပ်ဘက် ရုံးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤကဲ့သို့ လွတ်လပ်သော ယန္တရားသည် စစ်ဘက်ရေးရာကိစ္စများကိုသာ အာရုံစိုက်လုပ်ဆောင်နိုင်ခြင်းဆိုသည့် အားသာချက်ရှိပြီး ထိုကိစ္စရပ်နယ်ပယ်အတွင်း အထူးပြုအသိပညာများ တိုးပွားစေသည်။ အများပြည်သူဆိုင်ရာ အစီရင်ခံစာများကို အဖွဲ့အစည်းက ထုတ်ပြန်နိုင်မှုသည် ဥပဒေပြုလွှတ်တော်ကဲ့သို့သော အခြားဒီမိုကရေစီအဖွဲ့အစည်းများ၏ စောင့်ကြည့်ထိန်းကျောင်းမှုစွမ်းရည်ကို အားကောင်းစေပြီး လက်နက်ကိုင်တပ်ဖွဲ့များ၏ ပိုမိုပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို သေချာစေပါသည်။ အဖွဲ့အစည်း၏ လွတ်လပ်သောအဆင့်အတန်းနှင့် အထူးပြုအသိပညာသည် တိုင်ကြားသူများ၊ ဥပဒေပြုလွှတ်တော်နှင့် ပြည်သူများ

**အဖွဲ့အစည်းအတွင်း စောင့်ကြည့်ထိန်းကျောင်းမှု လွတ်လပ်သော အထွေထွေ စစ်ဆေးရေးမှူးချုပ်များ (IGs)** ကို လက်နက်ကိုင် တပ်ဖွဲ့များအတွင်း သွတ်သွင်း ပေါင်းစည်းထားပြီး ၎င်းတို့တွင် အဖွဲ့အစည်းနှင့် သီးခြားလွတ်ကင်းမှု မရှိသောကြောင့် အများအားဖြင့် ၎င်းတို့အား ombuds အဖွဲ့အစည်းများဟု မယူဆနိုင်ပေ။ သို့သော်လည်း အချို့သော အထွေထွေ စစ်ဆေးရေးမှူးချုပ်များ IG များသည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် ombuds အဖွဲ့အစည်း အဖြစ်သတ်မှတ်ရန် စံသတ်မှတ်ချက်များအားလုံးကို ဖြည့်ဆည်းပေးသည့် သီးခြားလွတ်လပ်မှုနှင့် ဘက်မလိုက် သမာသမတ်ကျမှုတို့ရှိစေရန် မြင့်မားသော အတိုင်းအတာကို ပေးအပ်ခံထားရသည်။ IG များသည် အများအားဖြင့် (အမြဲမဟုတ်သော်လည်း) အထက်အရာရှိများထံ အစီရင်ခံခြင်းနှင့်/သို့မဟုတ် အထက်အရာရှိများထံမှ လမ်းညွှန်မှုရယူခြင်းတို့ကို ဆောင်ရွက်ကာ ကွပ်ကဲမှုကွင်းဆက်အတွင်း တည်ရှိသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များအတွက် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များအတွင်း စောင့်ကြည့်ထိန်းကျောင်းမှုအား ပေါင်းစပ်ထားခြင်းတွင် အားသာချက်များရှိရာ -

- လုပ်ငန်းလည်ပတ်ရာတွင် ထိရောက်မှုကို သက်ရောက်မှုဖြစ်စေမည့် ကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမို အာရုံစိုက်ခြင်း၊
- စောင့်ကြည့်ထိန်းကျောင်းမှုပြုသူတွင် စစ်မှုထမ်းဘဝနှင့်ပတ်သက်သော အထူးပြု အသိပညာရှိ၍ စစ်ဘက်ရေးရာ သီးခြားကိစ္စရပ်များကို ၎င်းတို့အနေဖြင့် ပိုမိုလက်ခံနိုင်စေခြင်း၊
- စောင့်ကြည့်ထိန်းကျောင်းမှုပြုသူသည် တပ်ဖွဲ့ဝင်များထံ လက်လှမ်းမီမှု ပိုမိုရှိခြင်း (ဥပမာ၊ ဝေးလံခေါင်ပါးအရပ် သို့မဟုတ် နိုင်ငံရပ်ခြားတွင် တာဝန်ချခံထားရခြင်း ကဲ့သို့သော အခြေအနေများတွင် စောင့်ကြည့်ထိန်းကျောင်းမှုပြုသူလည်း ထိုတပ်ဖွဲ့ဝင်များနှင့် လိုက်ပါသွားနိုင်) တို့ဖြစ်ပါသည်။

လက်နက်ကိုင်တပ်ဖွဲ့များအတွင်း စောင့်ကြည့်ထိန်းကျောင်းမှုကို ပေါင်းစပ်သွတ်သွင်းထားခြင်း၏ အဓိကအားနည်းချက်မှာ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ၎င်းတို့၏ရပ်တည်ချက်သည် အငြင်းပွားဖွယ်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် စစ်ဘက်ဆိုင်ရာ အပေါ် ပိုင်းအဆင့်တို့၏ အကျိုးစီးပွားနှင့် ဆန့်ကျင်သည့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နိုင်ရန် စွမ်းပကားကို လျော့ပါးစေပါသည်။ ယင်းအချက်က တိုင်ကြားသူများ သို့မဟုတ် ပြည်သူများ၏အမြင်တွင် တိုင်ကြားမှုယန္တရားအပေါ် ယုံကြည်မှုကို ထိခိုက်စေနိုင်ပြီး စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့အစည်းနှင့် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ယုံကြည်ကိုးစားမှုကို လျော့ပါးစေနိုင်သည်။ IGs များသည် ကာကွယ်ရေးဝန်ကြီးထံ တိုက်ရိုက်အစီရင်ခံနိုင်သောအခါ အဆိုပါ ပြဿနာကို သက်သာစေရာ၊ ဖြစ်နိုင်ခြေရှိသော စစ်ဘက်ဆိုင်ရာ ရာထူးကြီးများ၏ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများကို ဖယ်ရှားပေးနိုင်ရာဝယ် ကာကွယ်ရေးဆိုင်ရာတွင် အကြီးဆုံး အရာရှိထံ တိုက်ရိုက်လက်လှမ်းမီမှုကို ပေးအပ်ခြင်းအားဖြင့် ဖြစ်ပါသည်။ နောက်တစ်မျိုး ဖြေရှင်းနည်းလမ်းတစ်ခုမှာ ကာကွယ်ရေးဝန်ကြီးဌာနအတွင်း လုပ်ငန်းပိုင်းဆက်လက်လုပ်ဆောင်နေချိန်တွင် လွှတ်တော်သို့ အစီရင်ခံမှုပြုလုပ်နိုင်ရန် IG များကို လုပ်ပိုင်ခွင့်ပေးရန် ဖြစ်သည်။

၏အမြင်တွင် ထိုအဖွဲ့အစည်းအား ယုံကြည်ကိုးစားမှုကို ဖြစ်ပေါ်စေပါသည်။ အဓိက အားနည်းချက်မှာ လွတ်လပ်သော စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့အစည်းများသည် ငွေကုန်ကြေးကျ များနိုင်ပြီး၊ အသေးစား စစ်တပ် သို့မဟုတ် လှုပ်ရှားမှုမရှိသော စစ်တပ်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံများတွင် အထူးသဖြင့်ထိုသို့ဖြစ်ပြီး သီးသန့် စောင့်ကြည့်ထိန်းကျောင်းရေး အဖွဲ့အစည်းကို ထားရှိခြင်းအတွက် အကြောင်းပြရန် တိုင်ကြားစာများ မလုံလောက်ဘဲ ရှိနေနိုင်သည်။

## Ombuds ဆိုင်ရာ အဖွဲ့အစည်း အင်စတီကျူးရှင်းများသည် ကောင်းမွန်သော SSG ကို မည်သို့ အကျိုးပြုသနည်း။

Ombuds အင်စတီကျူးရှင်းများမှတဆင့် တရားဝင် တိုင်ကြားစာများ တင်သွင်း ခြင်းသည် လက်နက်ကိုင် တပ်ဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုအတွက်အပြင် ၎င်းတို့၏ လူ့အဖွဲ့အစည်းနှင့် ဆက်ဆံရေးအတွက် အားသာချက်များစွာရှိသည်။ အထူးသဖြင့်၊ ombuds အင်စတီကျူးရှင်းများသည် ကောင်းမွန်သော SSG ၏ အခြေခံမှုများကို သိရှိလာစေရန် ကူညီပေးသည် (အောက်ပါ လေးထောင့်ကွက် ကိုကြည့်ပါ) -

- **မှန်ကန်ထိရောက်မှုနှင့် မြန်ဆန်သည့်စွမ်းဆောင်ရည်**- Ombuds အင်စတီကျူးရှင်းများသည် စနစ်ကြောင့်ဖြစ်သည့် ချို့ယွင်းချက်များကို ပြုပြင်ရန် နည်းလမ်းများကို အကြံပြုပေးခြင်းအားဖြင့်သော်လည်းကောင်း၊ တပ်ဖွဲ့ဝင်များသည် သင့်လျော်စွာနှင့် လုပ်ငန်းပိုင်းပညာရပ်ကျွမ်းကျင်မှုဖြင့် လုပ်ဆောင်နေခြင်းရှိမရှိ စိစစ်ပေးခြင်းအားဖြင့်သော်လည်းကောင်း လက်နက်ကိုင်တပ်ဖွဲ့များကို ပိုမိုမှန်ကန်ထိရောက်မှုနှင့် ပိုမိုမြန်ဆန်သည့်စွမ်းဆောင်ရည်တို့ ရှိအောင်ပြုလုပ်ပေးပါသည်။

- **တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု**- Ombuds အဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မတရားမှု သို့မဟုတ် ညံ့ဖျင်းသော စီမံအုပ်ချုပ်မှုများကို စုံစမ်းစစ်ဆေးပြီး တပ်ဖွဲ့ဝင် တစ်ဦးချင်းစီအလိုက်နှင့် အဖွဲ့အစည်းများအလိုက် ၎င်းတို့၏ အပြုအမူအတွက် တာဝန်ခံပေးရန် တောင်းဆိုသည်။ ပြည်သူလူထုအတွက် အစီရင်ခံစာများနှင့် အကြံပြုချက်များကို ထုတ်ပြန်ခြင်းဖြင့်၊ ombuds အဖွဲ့ အစည်းများသည် လုံခြုံရေးကို ဆောင်ရွက်ပေးခြင်းနှင့် စီမံခန့်ခွဲပေးခြင်းတို့တွင် ပွင့်လင်းမြင်သာမှုကို တိုးတက်စေသည်။ ထိုကဲ့သို့သော အစီရင်ခံစာများသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ ယခင်က ဖုံးကွယ်ထားသော သို့မဟုတ် လျစ်လျူရှုထားသော ကိစ္စရပ်များကို အာရုံစိုက်စေနိုင်သည်။

- **ပူးပေါင်းပါဝင်နိုင်မှုနှင့် မြန်မြန်ဆန်ဆန် တုံ့ပြန်မှု**- Ombuds အဖွဲ့အစည်းများသည် မှားယွင်းစွာ ဆောင်ရွက်မှုများအတွက် နစ်နာမှုကုစားပေးရန် ပိုမိုလွယ်ကူစေသည်။ လက်နက်ကိုင်တပ်ဖွဲ့များရှိ မည်သူမဆို (ရာထူးအဆင့်၊ အဆက်သွယ်၊ ချမ်းသာမှု၊ ကျား- မ ရေးရာ၊ မည်သူမည်ဝါဖြစ်ခြင်း သို့မဟုတ် အရေးပါမှုတို့ မည်သို့ပင်ရှိနေစကာမူ) မခွဲခြားဘဲ တိုင်ကြားမှုပြုလုပ်နိုင်သည်။ တိုင်ကြားစာများအားလုံးသည် တန်းတူညီတူ အရေးကြီးသောကြောင့်၊ လုံခြုံရေးကဏ္ဍအပေါ် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေးတွင် လူတိုင်းပါဝင်ရန် ombuds အဖွဲ့

▶ **လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး (SSG) နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)**

ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းတို့တွင် ကောင်းမွန်သည့် အုပ်ချုပ်ရေးအခြေခံမှုများအား အသုံးချကျင့်သုံးပုံကို **ကောင်းမွန်သည့် SSG** က ဖော်ပြပေးပါသည်။ ကောင်းမွန်သည့် SSG အခြေခံမှုများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာခြင်းရှိမှု၊ တရားဥပဒေစိုးမိုးခြင်းရှိမှု၊ ပူးပေါင်းပါဝင်နိုင်မှု၊ တုံ့ပြန်ဖြေရှင်းနိုင်မှု၊ မှန်ကန်ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု စသည်တို့ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ**ဟူသည် လုံခြုံရေး ဆောင်ရွက်ပေးသူများသာ မဟုတ်ပေ - နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား စီမံခန့်ခွဲရန်နှင့် စောင့်ကြည့်ထိန်းကျောင်းပေးရန် တာဝန်ရှိသော အဖွဲ့အစည်းများအားလုံးနှင့် လူပုဂ္ဂိုလ်များအားလုံး လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။

**ကောင်းမွန်သော SSG အား အစပြုတည်ထောင်ခြင်းသည် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။** **SSR** ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းပေးခြင်းကိစ္စတို့ကို ပိုမိုမှန်ကန်ထိရောက်၍ ပိုမိုတာဝန်ခံမှုရှိစေခြင်း အလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားလိုက်နာမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံနှင့် လူသားတို့လုံခြုံရေးကို တိုးတက်ကောင်းမွန်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်ဖြစ်ကာ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ မှန်ကန်ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ်လုံး SSR သည် ပြည်သူ့လုံခြုံရေးအား ဆောင်ရွက်ပေးခြင်းကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းကိုသာဖြစ်စေ သို့မဟုတ် ကဏ္ဍစနစ်တစ်ခုလုံး လည်ပတ်စေသည့် နည်းလမ်းကိုပင်ဖြစ်စေ အဓိကအလေးပေးထားနိုင်ပါသည်။

ယခုကဲ့သို့သော အခြေခံအဓိပ္ပာယ်ဖွင့်ဆိုမှုများကို ထပ်ဆင့်သိရှိလိုပါက SSR နောက်ခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု"၊ "လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး" နှင့် "လုံခြုံရေးကဏ္ဍ" တို့ကိုကျေးဇူးပြု၍ ကိုးကားပါ။

အစည်းများမှ တိုက်တွန်းပါသည်။ ombuds အဖွဲ့အစည်းများက အကြံပြုချက်များ ထုတ်ပြန်ရာတွင်၊ လူထု၏စိုးရိမ်မှုများကို လက်နက်ကိုင်တပ်ဖွဲ့များက ပိုမိုမြန်ဆန်စွာ တုံ့ပြန်သည့်နည်းလမ်းဖြင့် ၎င်းတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန် ombuds အဖွဲ့အစည်းများက ကူညီပေးပါသည်။

- **တရားဥပဒေစိုးမိုးရေး-** ဥပဒေနှင့် မူဝါဒများကို မတော်မလျော်ကျင့်သုံးခြင်း သို့မဟုတ် ပျက်ယွင်းနေသော ဥပဒေများ သို့မဟုတ် မူဝါဒများစသည်တို့အပေါ် တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးရန် Ombuds အဖွဲ့အစည်းများတွင် တာဝန်ရှိပါသည်။ နစ်နာမှုတိုင်ကြားနိုင်သည့် အခြားစနစ်များဖြင့် မဖြေရှင်းနိုင်ခဲ့သော သို့မဟုတ် ဖြေရှင်းမပေးနိုင်သော ညံ့ဖျင်းသော စီမံအုပ်ချုပ်မှုကို ပြုပြင်ရန်အတွက် umbuds အဖွဲ့အစည်းများမှာ နည်းလမ်းတစ်ခုဖြစ်ရာ၊ ၎င်းတို့၏ အကြံပြုချက်များသည် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာရန် အထောက်အကူပြုသည်။

**ပုံ ၁ Ombuds အင်စတီကျူးရှင်းများသည် ကောင်းမွန်သော SSG ကို နည်းလမ်းများစွာဖြင့် ထောက်ကူပံ့ပိုးပေးပါသည်**



## တိုင်ကြားမှုများကို ombuds အဖွဲ့အစည်းများက မည်သို့ကိုင်တွယ်ဖြေရှင်းသနည်း။

Ombuds အင်စတီကျူးရှင်းများသည် ကျယ်ပြန့်သော တိုင်ကြားစာမျိုးစုံကို ကိုင်တွယ်ဖြေရှင်းသော်လည်း တရားဥပဒေစိုးမိုးရေး သို့မဟုတ် ဥပဒေပိုင်းဆိုင်ရာ အခြေခံမှုများနှင့် မြန်ဆန်ထိရောက်သော အုပ်ချုပ်ရေးဆိုင်ရာ အခြေခံမှုများကို လေးစားလိုက်နာရန် အဖွဲ့အစည်းတစ်ခု၏ ပျက်ကွက်ခြင်းကြောင့်ဖြစ်သည့် လူ့အခွင့်အရေးဆိုင်ရာ၊ အကျင့်ပျက်မှုဆိုင်ရာ သို့မဟုတ် ညံ့ဖျင်းသော စီမံအုပ်ချုပ်မှုဆိုင်ရာတို့နှင့် အများဆုံးသက်ဆိုင်ပါသည်။ Ombuds အင်စတီကျူးရှင်းများမှ ဖော်ထုတ်ထားသော ပြဿနာအများအပြားသည် အမှုကိစ္စတစ်ခုခြင်းအတွက်သာ တိုင်တန်းထားကြသော်လည်း အချို့သောပြဿနာများသည် စနစ်တစ်ခုလုံး (ဥပမာ- အနိုင်ကျင့်မှု၊ လိင်အခြေခံအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု၊ ပစ္စည်းကိရိယာမလုံလောက်မှု) သို့မဟုတ် လက်ရှိမပြဋ္ဌာန်းရသေးသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော သို့မဟုတ် လမ်းလွဲမှုဖြစ်စေသော ဥပဒေများနှင့် စည်းမျဉ်းများ စသည်တို့နှင့် သက်ဆိုင်လျှက်ရှိပါသည်။

Ombuds အင်စတီကျူးရှင်းများသည် လက်ရှိတာဝန်ထမ်းဆောင်နေသော လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ စစ်ဘက်နှင့် အရပ်ဘက်ဝန်ထမ်းများနှင့် စစ်မှုမထမ်းမနေရ ထမ်းရသူများ ကဲ့သို့သော ပင်ရော်ဖက်ရှင်နယ်မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များအပါအဝင် ကျယ်ပြန့်သော လူမျိုးစုံထံမှ တိုင်ကြားချက်များကို လက်ခံရရှိနိုင်ပါသည်။ အခြားလူအုပ်စုများသည်လည်း ombuds အဖွဲ့အစည်းများတည်ရှိနေမှုကြောင့် အကျိုးခံစားရနိုင်ကြပါသည် (ဥပမာ- လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ မိသားစုများ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များကြောင့် ထိခိုက်မှုခံရသည့် အရပ်သားများ)၊ သို့ဖြစ်သော်လည်း စီရင်မှုပြုနိုင်သည့် နယ်မြေအားလုံးတွင် အားလုံးသောသူများကို တိုင်ကြားခွင့်ပြုထားသည် မဟုတ်ပါ။

တိုင်ကြားပိုင်ခွင့်ကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာသင့်ပြီး တိုင်ကြားမှု လုပ်ငန်းစဉ်သည် တတ်နိုင်သမျှ ရိုးရှင်းပြီး တိုင်ကြားသူ၏ လိုအပ်ချက်များနှင့် အံဝင်ခွင်ကျ ဖြစ်သင့်သည်။ တရားဝင် တိုင်ကြားချက်များကို တယ်လီဖုန်း ဟော့လိုင်း၊ အွန်လိုင်းဖောင်ပုံစံ၊ အီးမေးလ်တို့အားဖြင့် သို့မဟုတ် လူကိုယ်တိုင် တိုင်ကြားနိုင်သည်။ တိုင်ကြားသူများသည် ၎င်းတို့၏ အခြေအနေနှင့်ပတ်သက်သော အကြံဉာဏ်များ၊ ဝန်ဆောင်မှုများနှင့် မှန်ကန်တိကျသော သုံးသပ်ဆန်းစစ်ချက်များကို တတ်နိုင်သမျှ အမြန်ဆုံး လက်ခံရရှိသင့်သည်။

## တိုင်ကြားချက်များပြုလုပ်ရန် အဘယ်ကြောင့် အားပေးသင့်သနည်း။

တိုင်ကြားချက်များက ညွှန်ပြနေသည်မှာ လူများသည် စနစ်ကိုအသုံးပြုနေပြီး ombuds အင်စတီကျူးရှင်းသည် ၎င်းတို့၏ အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်သည်ကို ယုံကြည်နေကြကြောင်း ဖြစ်ပါသည်။ လူတို့နားလည်ထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသယောင် ထင်ရသော်လည်း၊ အမှန်မှာ ombuds အဖွဲ့အစည်းတစ်ခုသည် တိုင်ကြားချက်များကို လက်ခံရရှိပါက စနစ်ပျက်သွားသည်ဟု မဆိုလိုသော်လည်း၊ အဖွဲ့အစည်းက ဆောင်ရွက်စေရန် ပုံစံပြုထားသည့်အတိုင်း အလုပ်ဖြစ်နေကြောင်း ဖော်ပြပါသည်။ Ombuds အဖွဲ့အစည်းများသည် ပြဿနာများကို တိုင်တန်းမှု နည်းပါးခြင်းကို အများအားဖြင့် ကြုံတွေ့ရပါသည်။ ပြဿနာကြုံတွေ့ရသူတစ်ဦးသည် တရားဝင်တိုင်ကြားချက်ကို မပြုလုပ်ပါက၊ ၎င်းတို့သည် ပြဿနာကို အလွတ်သဘောဖြေရှင်းအောင်မြင်နိုင်ခဲ့သော လက္ခဏာဖြစ်ကောင်းဖြစ်နိုင်သော်လည်း ဆန့်ကျင်ဘက်အားဖြင့် တိုင်ကြားမှုမပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြခြင်းလဲ ဖြစ်နိုင်သည်။ လက်တုံ့ပြန်ခြင်းခံရမည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် ဒုက္ခပေးသူဟု တံဆိပ်ကပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ ပြဿနာကိုဖြေရှင်းရန် ombuds အဖွဲ့အစည်းအပေါ် ယုံကြည်မှုမရှိခြင်း သို့မဟုတ် ၎င်းတို့တွင် တိုင်ကြားပိုင်ခွင့်ရှိကြောင်း နားမလည်ခြင်း ကဲ့သို့သော အနုတ်လက္ခဏာဆောင်သော အကြောင်းရင်းများကြောင့် လူတစ်ဦးသည် တိုင်ကြားရန် တွန့်ဆုတ်နေနိုင်သည်။

**ပုံ ၂ တိုင်ကြားချက်များအား ကိုင်တွယ်ခြင်းလုပ်ငန်းစဉ်၏ ဥပမာတစ်ခု**



## ombuds အဖွဲ့အစည်းများက မည်သို့သော စုံစမ်းစစ်ဆေးမှုအမျိုးအစားများကို ပြုလုပ်နိုင်သနည်း။

**တိုင်ကြားမှုများသည် ombuds အဖွဲ့အစည်းများ စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်း၏ အဓိကရင်းမြစ်ဖြစ်ပြီး အချို့သောနိုင်ငံများတွင် စုံစမ်းစစ်ဆေးမှုများကို တိုင်ကြားချက်တစ်ခုဖြင့်သာ အစပျိုးနိုင်သည်။** တခါတရံတွင် တိုင်ကြားချက်တစ်ခုချင်းစီသည် အလားတူအကြောင်းအရာ သို့မဟုတ် အလားတူ လူထုအမျိုးအစားများရှိသည့် လူမှုပထဝီ သို့မဟုတ် အလားတူ နယ်မြေအခြေအနေတစ်ခုမှ တိုင်ကြားချက်အများအပြားကို လက်ခံရရှိသောအခါတွင် စနစ်အရဖြစ်ပွားသော ပြဿနာများကို စုံစမ်းစစ်ဆေးမှုအဖြစ်သို့ ရောက်ရှိသွားနိုင်သည်။ ခြားနားချက်အားဖြင့်၊ **ကိုယ်တိုင် စတင်သော စုံစမ်းစစ်ဆေးမှုများသည် သီးခြားတိုင်ကြားချက် သို့မဟုတ် ဖြစ်ရပ်တစ်ခုမလိုအပ်ဘဲ ombuds အဖွဲ့အစည်းများက ကိုယ်တိုင်စတင်နိုင်သော စုံစမ်းစစ်ဆေးမှုများ ဖြစ်ပါသည်။** ထိုစုံစမ်းစစ်ဆေးမှုများသည် အနိုင်ကျင့်မှု၊ ကျား-မ ရေးရာ အခြေခံ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းကဲ့သို့သော စနစ်တစ်ခုကြောင့်ဖြစ်သော ပြဿနာများ သို့မဟုတ် အကြောင်းအရာအလိုက် ဖြစ်ပွားသည့် ပြဿနာများကို စုံစမ်းစစ်ဆေးခြင်းအတွက် အထူးသဖြင့် အသုံးဝင်သည်။ ဖြစ်ပွားသည့်တည်နေရာများကို သွားရောက်ခြင်းများ ပြုလုပ်ပြီး တာဝန်ထမ်းဆောင်လျှက်ရှိသော တပ်ဖွဲ့ဝင်များနှင့် ပိုမိုနီးကပ်စွာ ထိတွေ့မှုရှိသည့်အခါတွင် ombuds အင်စတီကျူးရှင်းများ အပေါ် အများအမြင်ကို မြှင့်တင်ရာတွင်လည်း ဤကဲ့သို့မဖြစ်ခင်က ကြိုတင်ဆောင်ရွက်သည့် နည်းလမ်းက အကူအညီဖြစ်စေပါသည်။ **နေရာပင်ရင်းတစ်ခုက တရားဝင်တိုင်ကြားရန်ခွင့်ပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ombuds အဖွဲ့အစည်းများသည် ၎င်းတို့၏ ဂရုပြုမိနိုင်သည့် ပြဿနာအားလုံးကိုစုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန် ကိုယ်တိုင်စတင်သော စုံစမ်းစစ်ဆေးမှုစနစ်က သေချာစေပါသည်။** ဥပမာ- မီဒီယာ၊ NGO အဖွဲ့များ သို့မဟုတ် အခြားအဖွဲ့အစည်းများ၊ သို့မဟုတ် ထိခိုက်နစ်နာသူတစ်ဦး၏ မိတ်ဆွေများ သို့မဟုတ် မိသားစုဝင်များကြောင့်သော်လည်းကောင်း၊ သို့မဟုတ် ဥပဒေပြုလွှတ်တော်အဖွဲ့ဝင်များ သို့မဟုတ် အခြားအစိုးရအေဂျင်စီများ စသည်တို့မှ တောင်းဆိုမှုများကြောင့်သော်လည်းကောင်း ဤကဲ့သို့သော စုံစမ်းစစ်ဆေးမှုများကို ဖြစ်ပွားသွားစေနိုင်ပါသည်။

စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်သော အချက်အလက်အားလုံးကို ombuds အဖွဲ့အစည်းများမှ ရယူနိုင်ရန် မဖြစ်မနေလိုအပ်ပါသည်။ ၎င်းတို့၏ အချက်အလက်ရယူခွင့်ဆိုင်ရာ ကန့်သတ်ချက်မှန်သမျှကို ဥပဒေတွင် ရှင်းရှင်းလင်းလင်းနှင့် ကျဉ်းမြောင်းစွာ သတ်မှတ်ပေးရမည်ဖြစ်သည်။

## Ombuds အဖွဲ့အစည်းများသည် တရားရေးကဏ္ဍ၏ အစိတ်အပိုင်း ဖြစ်ပါသလား။

Ombuds အဖွဲ့အစည်းများသည် စစ်ဘက်တရားစီရင်ရေးစနစ်တွင်ပါဝင်သည့် တရားစီရင်ရေးအဖွဲ့အစည်းများအပါအဝင် တရားစီရင်ရေးအဖွဲ့အစည်းများကို အစားထိုးရန်မဟုတ်ဘဲ ထိုတရားစီရင်ရေး အဖွဲ့အစည်းများအတွက် ဖြည့်စွက်မှု ပြုလုပ်ပေးရန် ဖြစ်ပါသည်။ **တရားစီရင်ရေးစနစ်သည် တည်ဆဲဥပဒေအား ကျင့်သုံးမှုပြုခြင်းနှင့် ပတ်သက်နေသော်လည်း တရားမျှတမှုကို ဟန့်တားသော ဥပဒေများမှ သို့မဟုတ် မူဝါဒများမှ ချို့ယွင်းချက်များကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ombuds အဖွဲ့အစည်းများက သက်ဆိုင်ပါသည်။** ထို့ကြောင့် Ombuds အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ရာဇဝတ်မှု မဟုတ်သောကိစ္စများကို ကိုင်တွယ်ဖြေရှင်းကြပြီး တရားမျှတမှုကို လက်လှမ်းမီရေးတွင် အခြားအရာများနှင့်နှိုင်းယှဉ်ပါက ပိုမိုလွယ်ကူမှု ပေးလေ့ရှိသောကြောင့် တရားစီရင်ရေးအဖွဲ့အစည်းများကို ombuds အဖွဲ့အစည်းများက ဖြည့်စွက်မှုပေးရန် ကြိုးပမ်းကြသည်။ တရားရုံးတွင် တိုင်တန်းရန် ကုန်ကျစရိတ်များ မြင့်မားနိုင်ပြီး လုပ်ငန်းစဉ်မှာ တရားဝင်နည်းလမ်းတကျဖြစ်သော်လည်း၊ ombuds အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများသည် အခကြေးငွေ အခမဲ့ဖြစ်ပြီး ပုံမှန်တရားရုံးတရားစွဲဆိုခြင်းထက် များစွာ အလွတ်သဘောဆန်ပါသည်။ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးသူများသည် လက်ထဲရောက်လာသော သီးခြားရာဇဝတ်မှုတစ်ခုကို အာရုံစိုက်နေချိန်တွင်၊ ombuds အဖွဲ့အစည်းများသည် ထပ်ခါတလဲလဲဖြစ်သော အလွဲသုံးစားပြုမှုဆိုင်ရာ သို့မဟုတ် စနစ်ကြောင့်ဖြစ်ပွားသော ပြဿနာများစွာတို့၏ သက်ဆိုင်ရာအမှုများစွာကို လေ့လာသုံးသပ်နိုင်ပါသည်။

## Ombuds အဖွဲ့အစည်းများသည် ယင်းတို့၏ အကြံပြုချက်များကို မည်သို့ ကြပ်မတ်လိုက်နာစေပါသနည်း။

လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ombuds အဖွဲ့အစည်းများသည် တရားစီရင်ရေးစနစ်ကို အားဖြည့်ပေးပြီး တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးနိုင်သော်လည်း ထိုအဖွဲ့အစည်းများတွင် တရားဥပဒေကြပ်မတ်လိုက်နာစေရေးဆောင်ရွက်ပေးနိုင်စွမ်း မရှိပါ။ ထို့အတွက်ကြောင့် ၎င်းတို့သည် အကြံပြုချက်များ ချမှတ်ခြင်းအပေါ်တွင်သော်လည်းကောင်းနှင့် စုံစမ်းတွေ့ရှိချက်များကို လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် လိုက်နာရန် ဖျောင်းဖျမှုပြုခြင်းအပေါ်တွင် အားကိုးအားထားပြုရမည်ဖြစ်ပါသည်။

Ombuds အင်စတီကျူးရှင်းများသည် ၎င်းတို့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် သေချာအောင်ပြုလုပ်နိုင်မည့် နည်းလမ်းများစွာ ရှိပါသည်။

– **ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အာဏာ-** ၎င်းတို့၏ အကြံပြုချက်များကို ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများက လိုက်နာရန် ဆွဲဆောင်နိုင်သည့် ကိုယ်ကျင့်တရားဆိုင်ရာ အခွင့်အာဏာကို အတိုင်းအတာတစ်ခုအထိ ရထားနိုင်ရာ၊ ombuds အင်စတီကျူးရှင်းများအပေါ် လူထု၏ မြင့်မားသော ယုံကြည်မှုနှင့် လေးစားမှု အဆင့်အတန်းများကြောင့် ထိုသို့ရရှိခြင်းဖြစ်ပါသည်။

- **ပြည်သူလူထု၏ ဖိအား-** အထူးအစီရင်ခံစာများ၊ မီဒီယာများနှင့် ထိတွေ့ဆက်ဆံခြင်း နှင့်/သို့မဟုတ် အများပြည်သူအတွက် ထုတ်ပြန်ချက်များကို ပြုလုပ်ပေးခြင်း စသည်တို့မှတစ်ဆင့် ၎င်းတို့၏

အကြံပြုချက်များကို မလိုက်နာခြင်းအပေါ် ပြည်သူလူထု စိတ်ဝင်တစားရှိလာစေရန် ဆောင်ရွက်နိုင်ပါသည်။

- **နိုင်ငံရေး ဖိအား-** သက်ဆိုင်ရာ အာဏာပိုင်များထံ ချဉ်းကပ်ခြင်းဖြင့် ၎င်းတို့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် ဖိအားများ တိုးလာရန် ပြုလုပ်နိုင်ပါသည်။

- **တရားရေးဆိုင်ရာ အယူခံမှု-** အချို့သော ombuds အဖွဲ့အစည်းများတွင် လိုက်နာရန် ပျက်ကွက်သော အမှုများအတွက် တရားစီရင်ရေးထံ အယူခံဝင်ခွင့် ရှိပါသည်။ အလားတူစွာပင် ဥပဒေတစ်ရပ်အပေါ် သို့မဟုတ် စည်းမျဉ်းတစ်ခုအပေါ် အများလက်ခံနိုင်မှုအား မေးခွန်းထုတ်စရာ ဖြစ်သည့်အခါ အချို့သော ombuds အဖွဲ့အစည်းများသည် တရားရုံးတွင် တရားစွဲဆိုမှုများ ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။

## နောက်ထပ်ဖတ်စရာ


*For further details on ombuds institutions for the armed forces:*

– Benjamin S. Buckland and William McDermott Ombuds Institutions for the Armed Forces: A Handbook

Geneva: DCAF, 2012.

– Megan Bastick

Gender and Complaints Mechanisms: A Handbook for Armed Forces and Ombuds Institutions to Prevent and Respond to Gender-Related Discrimination, Harassment, Bullying and Abuse

Geneva: DCAF, 2015.

*For further details on different models of ombuds institutions:*

– William McDermott and Kim Piaget (eds.)

Ombuds Institutions for the Armed Forces: Selected Case Studies

Geneva: DCAF, 2017.

– Office of the United Nations High Commissioner for Human Rights

National Human Rights Institutions: History, Principles, Roles and Responsibilities Professional Training Series No. 4 (Rev. 1)

New York and Geneva: United Nations, 2010.

– Shirin Sinnar

Protecting Rights from Within? Inspectors General and National Security Oversight

Stanford Law Review, 65, 2013: 1027–1086.

*For further details on key standards and characteristics of ombuds institutions:*

– United Nations General Assembly

Principles relating to the status of national institutions (The Paris Principles) (A/RES/48/134)

*For further details on the main responsibilities of ombuds institutions:*

– United Nations Development Programme Guide for Ombudsman Institutions: How to Conduct Investigations

Bratislava: United Nations Development Programme Bratislava Regional Centre, 2006.

– Asia Pacific Forum of National Human Rights Institutions

Undertaking Effective Investigations: A Guide for National Human Rights Institutions

Sydney: Asia Pacific Forum of National Human Rights Institutions, 2013.


## DCAF ၏ ထပ်ဆင့် အရင်းအမြစ်များ

– International Conference of Ombuds Institutions for the Armed Forces (ICOAF) www.icoaf.org

- DCAF က SSR နှင့်ကောင်းမွန်သော SSG တို့၏ ကဏ္ဍရှုထောင့်အားလုံးအတွက် လက်စွဲသုံးသည့်အရာ (tools) မျိုးစုံ၊ လက်စွဲစာအုပ်များနှင့် လမ်းညွှန်မှု မျိုးစုံကို ထုတ်ဝေသည် - များစွာသော အရင်းအမြစ်များ ကိုလည်း အင်္ဂလိပ်ဘာသာစကားဖြင့်သာမက အခြားဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည် - အခမဲ့ download ရယူရန် **www. dcaf.ch**

- DCAF-ISSAT လက်တွေ့ကျင့်သုံးရေး အသိုင်းအဝိုင်း website က SSR လုပ်ငန်းဆောင်ရွက်သူများအတွက် အွန်လိုင်းသင်ယူမှု အရင်းအမြစ် အမျိုးမျိုးကို ဤတွင် **http://issat.dcaf.ch** ရရှိစေပါသည်

**DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ**သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးအား လေးစားလိုက်နာမှုနှင့် ကျား-မ တန်းတူညီမျှရေး စသည့် မူဘောင်အတွင်း နိုင်ငံများနှင့် ယင်းတို့၏ ပြည်သူများ စသည်တို့၏ လုံခြုံရေးကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ အားလုံးပါဝင်ပြီး အားလုံးပူးပေါင်းဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများအားဖြင့် မိတ်ဖက်နိုင်ငံများအတွင်းရှိ လုံခြုံရေးကဏ္ဍအပေါ် အုပ်ချုပ်မှုပေးရေးကိစ္စကို တိုးတက်ကောင်းမွန်စေရန်အတွက် မိတ်ဖက်နိုင်ငံများနှင့် အဆိုပါမိတ်ဖက်နိုင်ငံများကို ကူညီနေကြသော နိုင်ငံတကာအဖွဲ့အစည်းများကို ပံ့ပိုးကူညီခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုရေရှည်တည်တံ့အောင် ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစ၍ DCAF သည် အထောက်အကူပြုခဲ့ပါသည်။ DCAF သည် ဆန်းသစ်တီထွင်ထားသော အသိပညာထုတ်ကုန်များကို ဖန်တီးပေးကာ စံပြုသတ်မှတ်ချက်များနှင့် အလေ့အကျင့်ကောင်းများကို မြှင့်တင်ပေးပြီး ဥပဒေနှင့် မူဝါဒဆိုင်ရာ အကြံဉာဏ်များကို ပံ့ပိုးပေးလျှက် လုံခြုံရေးကဏ္ဍတွင်းရှိ နိုင်ငံအစိုးရပိုင်နှင့် နိုင်ငံအစိုးရပိုင်မဟုတ်သော ပါဝင်ပတ်သက်သူအဖွဲ့အစည်း နှစ်မျိုးလုံး၏ စွမ်းဆောင်ရည်တည်ဆောက်မှုကို အကူအညီပေးပါသည်။

**DCAF ၏ ကျေးဇူးတင်ရှိမှုအား ဖော်ပြခြင်း**

William McDermott အား စာပေရေးသားပေးမှု၊

Jasper Linke အား သုတေသနပြုမှုအတွင်း ထည့်ဝင်ကူညီခဲ့မှုများ၊ စာစဉ်ရေးသားပေးမှုနှင့် တည်းဖြတ်ပေးမှုအတွက်၊

Jenny Rouse အား အင်္ဂလိပ်ဘာသာအား စိစစ်ပေးမှုအတွက်၊

Florence Lesur အား ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုပေးမှု၊

Géraldine Chantegrel အား ပြင်သစ်ဘာ စိစစ်တည်းဖြတ်ပေးမှု အတွက်၊

ထို့ပြင် Petra Gurtner အား အပြင်အဆင်ပုံစံနှင့် ဒီဇိုင်းအတွက်။

**စာစဉ်တွဲများအတွက် အယ်ဒီတာ**

Fairlie Chappuis

**ယခုစာစဉ်အား ကိုးကားရန်**

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ။ လက်နက်ကိုင်တပ်ဖွဲ့များအတွက် တိုင်တန်းမှု စုံစမ်းစစ်ဆေးရေး ombuds အဖွဲ့အစည်းများ။ SSR နောက်ခံအကြောင်းအရာ စာစဉ်အတွဲများ။ Geneva: DCAF, 2019.

© DCAF. SSR နောက်ခံအကြောင်းအရာလက်စွဲများကို www.dcaf.ch တွင်အခမဲ့ရနိုင်သည်။ အသုံးပြုသူများသည် DCAF ကို credit ပေး အသိအမှတ်ပြုပေးပါက ဤစာစဉ်ကို ကူးယူဖြန့်ဝေနိုင်သည်။

စီးပွားဖြစ်အသုံးပြုရန်မဟုတ်ပါ။

DCAF Geneva Centre for Security Sector Governance

DCAF - လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှုပေးရေးအတွက် ဂျီနီဗာစင်တာ

Maison de la Paix

Chemin Eugène-Rigot 2E

CH-1202 Geneva၊ ဆွစ်ဇာလန်နိုင်ငံ

ဖုန်း: +41 22 730 94 00

info@dcaf.ch www.dcaf.ch

Twitter @DCAF_Geneva